# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

# ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်

# ဘဏ္ဍာရေးမူဝါဒစာတမ်း

၂၂-၆-၂၀၂၃

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းနှင့်ရည်ရွယ်ချက် | ၁ |
| ၂။ | ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးမူဝါဒ | ၁ |
| ၃။ | ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ်မူဝါဒ | ၂-၃ |
| ၄။ | နိုင်ငံတော်၏ စီးပွားရေးအခြေအနေအကျဉ်းချုပ်တင်ပြချက် | ၃-၄ |
| ၅။ | ပြီးခဲ့သောနှစ်များ၏ ဘဏ္ဍာရေးဆောင်ရွက်ခဲ့မှုအကျဉ်းချုပ် | |
| | (က) ရငွေအခြေအနေ | ၅-၇ |
| | (ခ) သုံးငွေအခြေအနေ | ၇-၉ |
| | (ဂ) ပြည်တွင်းပြည်ပ ကြွေးမြီအခြေအနေ | ၉ |
| ၆။ | ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းချက်များ | |
| | (က) နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက် | ၁၀ |
| | (ခ) ရသုံးခန့်မှန်းခြေငွေစာရင်းခန့်မှန်းချက် | ၁၀-၁၁ |
| | (ဂ) ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ | ၁၁ |
| | (ဃ) အရေးပေါ်ရန်ပုံငွေခန့်မှန်းချက် | ၁၂ |
| | (င) ပြည်ထောင်စုမှ ထောက်ပံ့ငွေ | ၁၂ |
| | (စ) အခွန်ဝေစု | ၁၃ |
| | (ဆ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ | ၁၃-၁၄ |
| | (ဇ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၁၄ |
| | (ဈ) ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်း | ၁၄ |
| ၇။ | နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ဦးစားပေးအစီအစဉ်များ | ၁၄-၁၆ |
| ၈။ | ဘဏ္ဍာရေးဆုံးရှုံးနိုင်ခြေများ | ၁၆ |
| ၉။ | ဘဏ္ဍာရေးမဟာဗျူဟာ | ၁၆-၁၇ |
| ၁၀။ | နိဂုံး | ၁၈ |

## နိဒါန်း

၁။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်များအတွက် နိုင်ငံတော်အစိုးရကချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ဖော်ဆောင်နိုင်ရေး၊ ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်များ ဖော်ဆောင်နိုင်ရေးနှင့် နိုင်ငံတော်မှဆောင်ရွက်နေသည့် ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဘဏ္ဍာရေးမူဝါဒ၊ အခွန်ရငွေ၊ အသုံးစရိတ်အခြေအနေနှင့် ပြည်တွင်း၊ ပြည်ပချေးယူရသည့်အခြေအနေများအား စုစည်းပေါင်းချုပ်၍ ဘဏ္ဍာရေးမူဝါဒစာတမ်းကို ပြုစုထားပါသည်။

## ရည်ရွယ်ချက်

၂။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပညာရေးနှင့်ကျန်းမာရေး တိုးမြှင့်သုံးစွဲရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးနှစ်အတွင်း လျာထားသည့် ရငွေများနှင့် အသုံးစရိတ်များကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာငွေသုံးစွဲမှုကို စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် ဌာနအဖွဲ့အစည်းများမှ လျာထားချက် ပြည့်မီစေရေးတို့အပြင် နိုင်ငံတော်အစိုးရ၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စေရန်၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုထိရောက်ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်၊ ထိရောက်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန်နှင့် ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုရှိစေရန်တို့ ဖြစ်ပါသည်။

## ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးမူဝါဒ

၃။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရငွေပမာဏသည် သုံးငွေပမာဏထက်လျော့နည်း၍ လိုငွေပြ ဘတ်ဂျက်ဖြစ်ပေါ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုတို့၏ စီးပွားရေး အဆိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရေးနှင့် မြန်မာ့စီးပွားရေးကို အလျင်အမြန် ပြန်လည်ဦးမော့လာစေရေးတို့အတွက် အခွန်အကောက်များ ဖြေလျှော့ပေးခြင်းနှင့် အစိုးရအသုံးစရိတ်များ ပိုမိုသုံးစွဲခြင်းဖြင့် စုစုပေါင်းဝယ်လိုအားတိုးတက်စေသည့် အချဲ့ဘဏ္ဍာရေးမူဝါဒ (Expansionary Fiscal Policy) ကို ကျင့်သုံးမည်ဖြစ်ပါသည်။ အသုံးစရိတ် တိုးမြှင့်သုံးစွဲခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်း၊ ပြည်တွင်းစားသုံးမှုတိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ပြီး နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် အစိုးရ၏ ဦးဆောင်မှုဖြင့် စီးပွားရေးကို လှုပ်နှိုးနိုင်

မည်ဖြစ်ပါသည်။ အစိုးရအသုံးစရိတ်များ တိုးမြှင့်သုံးစွဲသည်ဟုဆိုသော်လည်း ကုန်ထုတ်လုပ်မှုကို အားပေးမြှင့်တင်သည့် အသုံးစရိတ်များကိုသာ ဦးစားပေးသုံးစွဲသွားမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုကို အကျိုးပြုခြင်းမရှိသည့် အသုံးစရိတ်များ (nonproductive expenditures) ကို လျှော့ချသုံးစွဲမည် ဖြစ်ပါသည်။

**၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်မူဝါဒ**

**<u>သာမန်အသုံးစရိတ်မူဝါဒ</u>**

၁။ ဝန်ထမ်းအင်အားအသစ် ခန့်အပ်ခြင်းများအတွက် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒနှင့်အညီ ခန့်အပ်နိုင်မည့်ဦးရေ၊ ခန့်အပ်နိုင်မည့်အချိန်ကာလတို့ကို အသေးစိတ်တွက်ချက် ဆောင်ရွက်ရန်၊

၂။ အုပ်ချုပ်မှုသုံးစက်သုံးဆီ၊ လုပ်ငန်းသုံးစက်သုံးဆီများကို ရန်ပုံငွေခွင့်ပြုဘောင်အတွင်း လောက်ငအောင် သုံးစွဲရန်၊

၃။ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရန်တို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ တိုးမြှင့်ပေးရန်၊

၄။ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး၊ ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ တိုးမြှင့်ပေးရန်၊

**<u>ငွေလုံးငွေရင်းအသုံးစရိတ်မူဝါဒ</u>**

၁။ ရုံးအသစ်တည်ဆောက်ခြင်း၊ ရုံးတိုးချဲ့ခြင်း၊ သင်တန်းကျောင်းတည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းများကို အနည်းဆုံးလိုအပ်ချက်ဖြင့် ဆောက်လုပ်ရန်၊

၂။ ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူမှုကို အနည်းဆုံးလိုအပ်ချက်ဖြင့် ဆောင်ရွက်ရန်၊

၃။ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရန်တို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များကို ဦးစားပေးရန်၊

၄။ ဆေးရုံ၊ ကျောင်း၊ တက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်း၊ အားကစားကွင်းဆိုင်ရာ အသုံးစရိတ်များ ဦးစားပေးရန်၊

## ကြွေးမြီအသုံးစရိတ်မူဝါဒ

၁။ နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည့် အရင်း ၊ အတိုးများကို ဦးစားပေးရန်

၂။ ရရှိထားပြီးသော သို့မဟုတ် ရရန်သေချာသော ချေးငွေများကိုသာ လျာထားရန်၊

၃။ သက်သာမှုရှိသော ချေးငွေကိုသာ ရွေးချယ်ရယူရန်၊

၄။ ချေးငွေကို ငွေသားဖြင့်ရယူ၍ ထပ်ဆင့်ထုတ်ချေးထားသောချေးငွေများ ပြန်လည်ပေးဆပ်မှုကို အဆိုပါ ချေးငွေများ ပြန်လည်ကောက်ခံရရှိသည့် ငွေဖြင့်သာ ပေးဆပ်ရန်၊

## နိုင်ငံတော်၏ စီးပွားရေးအခြေအနေအကျဉ်းချုပ်တင်ပြချက်

၄။ ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ် (အမှန်စာရင်း) အရ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၇.၆ ရာခိုင်နှုန်း ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှုန်း ၆.၀ ရာခိုင်နှုန်း ရရှိရန်မျှော်မှန်းခဲ့ပြီး နှစ်ကုန်တွင် လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၇.၆ ရာခိုင်နှုန်းဖြစ်ပြီး ယင်းသို့ဖြစ်ရခြင်းမှာ စီးပွားရေးတိုးတက်မှုနှုန်းမှာ - ၅.၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ ကုန်သွယ်မှုပိုငွေဖြစ်ပေါ်ခဲ့သော်လည်း ကိုဗစ်-၁၉ နှင့် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်ကြောင့် ဘဏ်လုပ်ငန်းအကျပ်အတည်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းခြင်း၊ ငွေကြေးဖောင်းပွမှုမြင့်မားခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုသည် သိသိသာသာကျဆင်းခြင်း၊ အလုပ်လက်မဲ့တိုးတက်ခြင်း၊ ရငွေကျဆင်းခြင်း၊ ဘဏ္ဍာရေးလိုငွေမြင့်မားခြင်း၊ ပြည်ပမှလိုငွေဖြည့်ဆည်းမှု လျော့နည်းပြီး ပြည်တွင်းကြွေးမြီတိုးလာခဲ့ခြင်းစသည်တို့ကြောင့် ဖြစ်ပါသည်။

၅။ ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ ခု၊ မတ်လအထိ (ရှေ့ပြေးအမှန်စာရင်း) အရ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၂.၂ ရာခိုင်နှုန်းဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှုန်းမှာ ၃.၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားသော်လည်း နှစ်ကုန်ခန့်မှန်းချက်အရ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၂.၂ ရာခိုင်နှုန်းနှင့် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂.၄ ရာခိုင်နှုန်းဖြစ်ပါသည်။ စွမ်းအင်နှင့် သတ္တုကဏ္ဍ ပြန်လည်ကောင်းမွန်လာခြင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ တည်ငြိမ်လာခြင်းနှင့် အဝတ်အထည်နှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုတိုးတက်၍ အခွန်မဟုတ်သောရငွေများ သိသိသာသာ မြင့်တက်လာခြင်းနှင့် ရငွေကောက်ခံမှု တိုးတက်လာခြင်းဖြင့် ဘတ်ဂျက်လိုငွေ ကျဆင်းလာသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အားနည်းလာခြင်း၊ လယ်ယာထုတ်လုပ်ရေးစျေးနှုန်းများ သိသာစွာ မြင့်တက်လာခြင်း၊ လယ်သမားများအတွက် အကျိုးရလဒ်များ အကန့်အသတ်ဖြစ်ခြင်းနှင့် ဆောက်လုပ်ရေးကဏ္ဍ မတည်ငြိမ်ခြင်းစသည်တို့ကြောင့် ဖြစ်ပါသည်။

၆။ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း) အရ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၆.၄ ရာခိုင်နှုန်းဖြစ်ပြီး နှစ်ကုန်တွင် လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၃.၀ ရာခိုင်နှုန်းနှင့် စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းချက်မှာ ၃.၄ ရာခိုင်နှုန်းဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကျဆင်းသွားခြင်း၊ ကမ္ဘာ့ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် ငွေကြေးတန်ဖိုးကျဆင်းပြီးကုန်သွယ်မှု ကန့်သတ်ချက်များကြောင့် သွင်းကုန်စရိတ်များ မြင့်တက်လာစေပြီး အိမ်ထောင်စုများ၏ အမှန်ဝင်ငွေများ လျော့ကျခဲ့ခြင်း၊ ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ဘဏ္ဍာရေးလိုငွေ မြင့်တက်ခဲ့သော်လည်း ငွေလဲလှယ်မှုမူဝါဒ ပြောင်းလဲဆောင်ရွက်ခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တပြေးညီဖြစ်စေရန် အလားအလာရှိခြင်း၊ ကုန်သွယ်မှုမှာ ခံနိုင်ရည်ရှိလာခြင်းစသည်တို့ကြောင့် ဖြစ်ပါသည်။

**ဇယား (၁) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးအခြေအနေအကျဉ်းချုပ်ဇယား**


| | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၂ (၆)လ | | ၂၀၂၂-၂၃ |
|---|---|---|---|---|
| | **အမှန်** | **ခန့်မှန်းချက်** | **နှစ်ကုန် ခန့်မှန်းချက်** | **နှစ်ကုန် ခန့်မှန်းချက်** |
| ဂျီဒီပီတန်ဖိုး (ကျပ်ဘီလီယံ) | ၁၀၈,၂၀၅.၇ | ၇၄,၈၉၃.၂ | ၇၅,၀၄၄.၇ | ၁၂၅,၃၃၉.၀ |
| ဂျီဒီပီတိုးတက်မှုနှုန်း | (၅.၉) | ၃.၈ | ၂.၄ | ၃.၄ |
| ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း | ၃.၅ | ၆.၇ | ၁၄.၆ | ၂၄.၄ |
| ပို့ကုန်တန်ဖိုး (အမေရိကန်ဒေါ်လာသန်းပေါင်း) | ၁၅,၃၆၃.၃ | ၈,၂၀၀ | ၈,၃၀၈.၄ | ၁၆,၆၂၀.၂ |
| သွင်းကုန်တန်ဖိုး (အမေရိကန်ဒေါ်လာသန်းပေါင်း) | ၁၄,၆၈၆.၁ | ၈,၈၀၀ | ၇,၉၆၅.၀ | ၁၇,၃၅၂.၇ |
| ကုန်သွယ်မှုလိုငွေ/ပိုငွေ (အမေရိကန်ဒေါ်လာသန်းပေါင်း) | ၆၇၇.၂ | (၆၀၀) | ၃၄၃.၄ | (၇၃၂.၅) |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ Citizen Budget

## ပြီးခဲ့သောနှစ်များ၏ဘဏ္ဍာရေးဆောင်ရွက်ခဲ့မှုအကျဉ်းချုပ်

### (က) ရငွေအခြေအနေ

**ပုံ (၁) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်အထိ စုစုပေါင်းရငွေ၊ အခွန် ရငွေနှင့် ဂျီဒီပီအချိုး**




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၇။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် (အမှန်စာရင်း)၊ ၂၀၂၁-၂၀၂၂ ခု၊ (၆)လ ဘဏ္ဍာရေးနှစ် (ရှေ့ပြေး အမှန်စာရင်း) နှင့် ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေစာရင်း) များအရ စုစုပေါင်းရငွေ နှင့် GDP အချိုးမှာ ၁၆.၃%၊ ၁၆.၅% နှင့် ၁၉.၉% ဖြစ်ပြီး အခွန်ရငွေနှင့် GDP အချိုးမှာ ၅.၁%၊ ၄.၉ % နှင့် ၆.၀% တို့ အသီးသီးဖြစ်ပါသည်။ သာမန်ရငွေတွင် အခွန်အကောက်ရငွေ ၃၁.၂% ၊ ၂၉.၄% နှင့် ၃၀.၂%၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ (နိုင်ငံတော်သို့ထည့်ဝင်ငွေ) မှာ ၈.၀%၊ ၈.၄%၊ ၉.၅% နှင့် အခြားရငွေ ၄.၉%၊ ၄.၀%၊ ၃.၄% တို့ အသီးသီးပါဝင်ပါသည်။

**ဇယား (၂) ဗဟိုအဖွဲ့အစည်း၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ရငွေပါဝင်မှုအချိုး**

| | ၂၀၂၀-၂၀၂၁ (A) | | ၂၀၂၁-၂၀၂၂ (၆) လ (PA) | | ၂၀၂၂-၂၀၂၃ (RE) | |
|---|---|---|---|---|---|---|
| | AO၊ M&D | SEEs | AO၊ M&D | SEEs | AO၊ M&D | SEEs |
| သာမန်ရငွေ | ၄၄.၁% | ၅၅.၀% | ၄၁.၈% | ၅၃.၁% | ၄၃.၀% | ၅၅.၂% |
| ငွေလုံးရငွေ | ၁.၄% | ၀.၄% | ၀.၄% | ၀.၀% | ၀.၉% | ၀.၁% |
| ကြွေးမြီရငွေ | ၇.၄% | ၁.၇% | ၂.၅% | ၂.၂% | ၇.၄% | ၃.၄% |
| **စုစုပေါင်း** | **၅၂.၉%** | **၄၇.၁%** | **၄၄.၇%** | **၅၅.၃%** | **၅၁.၃%** | **၄၈.၇%** |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

မှတ်ချက်။ AO – Administrative Organization, M&D – Ministries & Departments, SEEs – State Economic Enterprises

၈။ ကြားကာလဘဏ္ဍာရေးနှစ်အပါအဝင် ဘဏ္ဍာရေးနှစ် (၃) နှစ်အတွင်း စုစုပေါင်းရငွေနှင့် GDP အချိုးမှာ ၁၆.၃%၊ ၁၆.၅% နှင့် ၁၉.၉% ဖြစ်ပြီး အခွန်ရငွေနှင့်ဂျီဒီပီအချိုး မှာ ၅.၁%၊ ၄.၉% နှင့် ၆.၀% ဖြစ်ပါသည်။ စုစုပေါင်းရငွေတွင် သာမန်ရငွေသည် ၈၉.၂%၊ ၉၄.၉% နှင့် ၈၈.၂% ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေသည် ၁.၇%၊ ၀.၄%၊ ၁.၀% နှင့် ကြွေးမြီရငွေသည် ၉.၁%၊ ၄.၇%၊ ၁၀.၈% ဖြစ်ပါသည်။

**ဇယား (၃) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့၏ ရငွေပါဝင်မှုအချိုး**


| | ၂၀၂၀-၂၀၂၁ (A) | | ၂၀၂၁-၂၀၂၂ (၆) လ (PA) | | ၂၀၂၂-၂၀၂၃ (RE) | |
|---|---|---|---|---|---|---|
| | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် |
| သာမန်ရငွေ | ၈၃.၅% | ၁၆.၅% | ၈၈.၉% | ၁၁.၁% | ၈၈.၄% | ၁၁.၆% |
| ငွေလုံးငွေရင်းရငွေ | ၈၉.၉% | ၁၀.၁% | ၅၃.၇% | ၄၆.၃% | ၆၆.၆% | ၃၃.၄% |
| ကြွေးမြီရငွေ | ၉၈.၃% | ၁.၇% | ၉၈.၈% | ၁.၂% | ၉၈.၁% | ၁.၉% |
| **စုစုပေါင်းရငွေ** | **၈၄.၇%** | **၁၅.၃%** | **၈၉.၁%** | **၁၀.၉%** | **၈၉.၀%** | **၁၁.၀%** |


ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၉။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် (အမှန်စာရင်း)၊ ၂၀၂၁-၂၀၂၂ ခု၊ (၆) လ ဘဏ္ဍာရေးနှစ် (ရှေ့ပြေး အမှန်စာရင်း) နှင့် ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေစာရင်း) များအရ ပြည်ထောင်စု နှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ပါဝင်မှုအချိုးမှာ စုစုပေါင်းရငွေတွင် ပျမ်းမျှ ၈၈ : ၁၂ ဖြစ်ပါသည်။ သာမန်ရငွေပါဝင်မှုအချိုးမှာ ပျမ်းမျှ ၈၆: ၁၄ ၊ ငွေလုံးငွေရင်းရငွေပါဝင်မှုအချိုးမှာ ပျမ်းမျှ ၇၀ : ၃၀ ၊ ကြွေးမြီရငွေတွင် ပါဝင်မှုအချိုးမှာ ပျမ်းမျှ ၉၈ : ၂ တို့ အသီးသီးဖြစ်ပါသည်။

**(ခ) သုံးငွေအခြေအနေ**

**ပုံ (၂) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းသုံးငွေတွင် ပါဝင်မှုအချိုးနှင့် ဂျီဒီပီအချိုး**




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၁၀။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် (အမှန်စာရင်း)၊ ၂၀၂၁-၂၀၂၂ ခု၊ (၆)လ ဘဏ္ဍာရေးနှစ် (ရှေ့ပြေး အမှန်စာရင်း) နှင့် ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေစာရင်း) များအရ စုစုပေါင်း သုံးငွေနှင့် GDP အချိုးမှာ ၂၃.၈% ၊ ၁၈.၇% နှင့် ၂၆.၃% အသီးသီးဖြစ်ပါသည်။ စုစုပေါင်းသုံးငွေတွင် သာမန်အသုံးစရိတ် ၇၇.၉% ၊ ၇၈.၉% နှင့် ၇၆.၁% ၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၇.၆% ၊ ၁၆.၁% နှင့် ၁၈.၃% ၊ ကြွေးမြီအသုံးစရိတ် ၄.၅% ၊ ၅.၀% နှင့် ၅.၆% တို့ အသီးသီးပါဝင်ပါသည်။

ဇယား (၄) ဗဟိုအဖွဲ့အစည်း၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏သုံးငွေပါဝင်မှုအချိုး

| | ၂၀၂၀-၂၀၂၁ (A) | | ၂၀၂၁-၂၀၂၂ (၆) လ (PA) | | ၂၀၂၂-၂၀၂၃ (RE) | |
|---|---|---|---|---|---|---|
| | AO၊ M&D | SEEs | AO၊ M&D | SEEs | AO၊ M&D | SEEs |
| သာမန်အသုံးစရိတ် | ၄၆.၉% | ၃၁.၀% | ၄၁.၄% | ၃၇.၆% | ၄၁.၃% | ၃၄.၈% |
| ငွေလုံးအသုံးစရိတ် | ၁၅.၄% | ၂.၃% | ၁၃.၅% | ၂.၅% | ၁၃.၇% | ၄.၆% |
| ကြွေးမြီအသုံးစရိတ် | ၂.၄% | ၂.၀% | ၂.၅% | ၂.၅% | ၃.၁% | ၂.၅% |
| **စုစုပေါင်း** | **၆၄.၇%** | **၃၅.၃%** | **၅၇.၄%** | **၄၂.၆%** | **၅၈.၁%** | **၄၁.၉%** |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

မှတ်ချက်။ AO – Administrative Organization, M&D – Ministries & Departments, SEEs – State Economic Enterprises

၁၁။ ကြားကာလဘဏ္ဍာရေးနှစ်အပါအဝင် ဘဏ္ဍာရေးနှစ်သုံးနှစ်အတွင်း အစိုးရအသုံးစရိတ်ခွဲဝေမှုတွင် သာမန်အသုံးစရိတ်သည် အများဆုံးဖြစ်ပြီး စုစုပေါင်းအသုံးစရိတ်၏ ၇၇.၉% ၊ ၇၈.၉% နှင့် ၇၆.၁% ပါဝင်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ ၁၇.၆%၊ ၁၆.၁% နှင့် ၁၈.၃% ပါဝင်ပါသည်။ ကြွေးမြီအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ ၄.၅%၊ ၅.၀% နှင့် ၅.၆% ပါဝင်ပါသည်။ ဗဟိုအဖွဲ့အစည်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ အသုံးစရိတ်ပါဝင်မှုသည် ၆၄.၇% ၊ ၅၇.၄% နှင့် ၅၈.၁% တို့ဖြစ်ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပါဝင်မှုသည် ၃၅.၃%၊ ၄၂.၆% နှင့် ၄၁.၉% တို့ဖြစ်ပါသည်။

ဇယား (၅) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့၏ အသုံးစရိတ်ပါဝင်မှုအချိုး

| | ၂၀၂၀-၂၀၂၁ (A) | | ၂၀၂၁-၂၀၂၂ (၆) လ (PA) | | ၂၀၂၂-၂၀၂၃ (RE) | |
|---|---|---|---|---|---|---|
| | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် |
| သာမန်အသုံးစရိတ် | ၉၅.၇% | ၄.၃% | ၉၅.၉% | ၄.၁% | ၉၆.၀% | ၄.၀% |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၆၇.၇% | ၃၂.၃% | ၇၁.၄% | ၂၈.၆% | ၇၄.၉% | ၂၅.၁% |
| ကြွေးမြီအသုံးစရိတ် | ၁၀၀.၀% | ၀.၀% | ၁၀၀.၀% | ၀.၀% | ၁၀၀.၀% | ၀.၀% |
| **စုစုပေါင်းအသုံးစရိတ်** | **၈၉.၄%** | **၁၀.၆%** | **၉၁.၁%** | **၈.၉%** | **၉၁.၄%** | **၈.၆%** |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၁၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် (အမှန်စာရင်း)၊ ၂၀၂၁-၂၀၂၂ ခု၊ (၆)လ ဘဏ္ဍာရေးနှစ် (ရှေ့ပြေး အမှန်စာရင်း) နှင့် ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေစာရင်း) များအရ ပြည်ထောင်စု နှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ပါဝင်မှုအချိုးမှာ စုစုပေါင်းသုံးငွေတွင် ပျမ်းမျှ ၉၁ : ၉ ပါဝင်ပါ သည်။ သာမန်အသုံးစရိတ် ပါဝင်မှုအချိုးမှာ ပျမ်းမျှ ၉၆ : ၄၊ ငွေလုံးငွေရင်းအသုံးစရိတ် ပါဝင်မှုအချိုးမှာ ပျမ်းမျှ ၇၁ : ၂၉၊ ကြွေးမြီအသုံးစရိတ်တွင် ပါဝင်မှုအချိုးမှာ ပျမ်းမျှ ၁၀၀ : ၀.၀ တို့အသီးသီး ဖြစ်ပါသည်။

### (ဂ) ပြည်တွင်းပြည်ပ ကြွေးမြီအခြေအနေ

၁၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးမူဝါဒ (Monetary Policy) ကျင့်သုံးရာတွင် ငွေ ကြေးပမာဏရည်မှန်းချက်သတ်မှတ်ထားရှိခြင်းနှင့် ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန် အတွက် သီးသန့်ငွေကြေးပမာဏတစ်ရပ်ကို လုပ်ငန်းရည်မှန်းချက်တစ်ရပ်အဖြစ်ထားရှိပြီး စုစုပေါင်း ငွေကြေးပမာဏတစ်ရပ်ကို ကြားခံရည်မှန်းချက်အဖြစ်ထားရှိ၍ ဆောင်ရွက်လျက်ရှိပါသည်။

၁၄။ သီးသန့်ငွေကြေးပမာဏကို ပြောင်းလဲစေသောအဓိကအချက်ဖြစ်သည့် (က) လှည့်လည်သုံးစွဲ ငွေ (ခ) နိုင်ငံခြားငွေရရန်ပိုင်ခွင့်များနှင့် (ဂ) အစိုးရသို့ချေးငွေများနှင့် (ဃ) စီးပွားရေးကဏ္ဍသို့ ချေးငွေ ပမာဏပြောင်းလဲမှုများကြောင့် အမှန်ဖြစ်ပေါ်လာမည့် ငွေကြေးပမာဏခန့်မှန်းခြင်းတို့ဖြစ်ပါသည်။ အဆိုပါ ခန့်မှန်းချက်ကို ရည်မှန်းချက်ရှိထားသည့် သီးသန့်ငွေကြေးပမာဏနှင့် နှိုင်းယှဉ်ချိန်ထိုး၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် စီးပွားရေးစနစ်သို့ ငွေကြေးထည့်သွင်းရန်လိုပါက ချေးငွေလေလံ (Credit Auction) ခေါ်ယူခြင်းနှင့် စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများကို နုတ်သိမ်းရန်လိုပါက အပ်ငွေ လေလံ (Deposit Auction) များကို ခေါ်ယူခြင်းစသည့်နည်းလမ်းများကို ကျင့်သုံးလျက်ရှိပါသည်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ၂၀၂၁ - ၂၀၂၂ (၆) လ၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်တို့ တွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ် ပါသည်-

ဇယား (၆) ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းမှုအခြေအနေ

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် | ၂၀၂၁-၂၂ (၆) လ (၃၀-၁၂-၂၀၂၁နေ့အထိ) | ၂၀၂၂-၂၀၂၃ (၃၀-၁၂-၂၀၂၂) နေ့အထိ |
|---|---|---|---|
| အစိုးရငွေတိုက်စာချုပ်များ | | | |
| ရောင်းချမှု | ၂,၃၆၀.၅ | ၄၃၄.၉ | ၁,၄၄၆.၅ |
| ရွေးနုတ်မှု | ၁,၂၄၇.၅ | ၇၈၇.၂ | ၂,၃၅၉.၅ |
| အသားတင်ဖြည့်ဆည်းမှု | ၁,၁၁၃.၀ | (၃၅၂.၃) | (၉၁၃.၀) |
| (ရာခိုင်နှုန်း) | ၁၂.၀% | -၂၄.၀% | -၃၂.၀% |
| အစိုးရငွေတိုက်လက်မှတ်များ | | | |
| ရောင်းချမှု | ၁၀,၇၉၃. ၅ | ၃,၃၃၅.၄ | ၇,၈၂၈.၃ |
| ရွေးနုတ်မှု | ၁၁,၅၉၈.၄ | ၃,၇၉၉.၀ | ၈,၈၂၄.၀ |
| အသားတင်ဖြည့်ဆည်းမှု | (၈၀၄.၉) | (၄၆၃.၆) | (၉၉၅.၇) |
| (ရာခိုင်နှုန်း) | -၈.၇% | -၃၂.၀% | -၃၅.၀% |
| မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ရောင်းချခြင်း | | | |
| ရောင်းချမှု | ၁၀,၈၉၀.၅ | ၂,၂၆၈.၈ | ၄,၇၄၉.၄ |
| ရွေးနုတ်မှု | ၁,၉၀၇.၉ | - | - |
| အသားတင်ဖြည့်ဆည်းမှု | ၈,၉၈၂.၆ | ၂,၂၆၈.၈ | ၄,၇၉၄.၄ |
| (ရာခိုင်နှုန်း) | ၉၆.၇% | ၁၅၆.၀% | ၁၆၇.၀% |
| စုစုပေါင်း | | | |
| ရောင်းချမှု | ၂၄,၀၄၄.၅ | ၆,၀၃၉.၁ | ၁၄,၀၂၄.၂ |
| ရွေးနုတ်မှု | ၁၄,၇၅၃.၈ | ၄,၅၈၆.၂ | ၁၁,၁၈၃.၅ |
| အသားတင်ဖြည့်ဆည်းမှု | ၉,၂၉၀.၇ | ၁,၄၅၂.၉ | ၂,၈၄၀.၇ |
| (ရာခိုင်နှုန်း) | ၁၀၀.၀% | ၁၀၀.၀% | ၁၀၀.၀% |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

ဇယား (၇) ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီအချိုး | ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး | ပြည်တွင်း၊ ပြည်ပကြွေးမြီ နှင့်ဂျီဒီပီအချိုး |
|---|---|---|---|
| ၂၀၂၀-၂၀၂၁ (၃၀-၉-၂၀၂၁ နေ့အထိ) | ၃၆.၉% | ၁၇.၀% | ၅၃.၉% |
| ၂၀၂၁ -၂၂ (၆) လ (၃၁-၃-၂၀၂၂ နေ့အထိ) | ၃၇.၄% | ၁၅.၃% | ၅၂.၇% |
| ၂၀၂၂-၂၀၂၃ (၃၁-၁၂-၂၀၂၂ နေ့အထိ) | ၃၆.၃% | ၁၇.၉% | ၅၄.၂% |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

## ၂၀၂၃ - ၂၀၂၄ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းချက်များ

### (က) နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက်

၁၅။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို ပုံမှန်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီးတွင် ၂.၄% ၊ စက်မှုကဏ္ဍကြီးတွင် ၃.၄% ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၅.၅% တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာ ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၃% မှ ၂၁.၈% သို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၁% မှ ၃၈.၅% သို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၆% မှ ၃၉.၇% သို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၁.၂% ဖြစ်ပါသည်။ စီမံကိန်းရည်မှန်းချက်များအရ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆.၅ ဘီလီယံ၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆.၀ ဘီလီယံ၊ ကုန်သွယ်မှုပမာဏစုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၂.၅ ဘီလီယံနှင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၀.၅ ဘီလီယံဖြစ်ပါသည်။ လူတစ်ဦး၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capital GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၄၅၇,၁၁၈ ဖြစ်ပေါ်လာရန် ရည်မှန်းထားပါသည်။

## (ခ) ရသုံးခန့်မှန်းခြေငွေစာရင်းခန့်မှန်းချက်

၁၆။ ၂၀၂၃-၂၀၂၄ ခု ၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေစုစုပေါင်းသည် ကျပ် ၂၅,၃၆၄.၄ ဘီလီယံ ၊ စုစုပေါင်းအသုံးစရိတ်သည် ကျပ် ၃၃,၁၇၅.၁ ဘီလီယံနှင့် စုစုပေါင်းလိုငွေကျပ် ၇,၈၁၀.၇ ဘီလီယံဖြစ်ပြီး ဂျီဒီပီတန်ဖိုးသည် ကျပ် ၁၃၈,၁၉၅.၇ ဘီလီယံ ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလည်ပတ်မှုကို အရှိန်မြှင့်တင်ရန်နှင့် ပြည်သူလူထုကို လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် အသုံးစရိတ်များသုံးစွဲရန်အတွက် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် လိုငွေနှင့်ဂျီဒီပီအချိုးကို ၅.၇% ဖြင့် ရေးဆွဲထားပြီး စီးပွားရေးတိုးတက်မှုနှုန်းကို ၄.၁% ရရှိနိုင်မည်ဟု မျှော်မှန်းထားပါသည်။

**ဇယား (၈) ၂၀၂၃ - ၂၀၂၄ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ရငွေနှင့်အသုံးစရိတ်ခန့်မှန်းချက်များ**

**(ကျပ်ဘီလီယံ)**


| | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (က) | **ရငွေများ** | **၂၅,၃၆၄.၄** | **၂,၉၇၇.၂** | **၂၈,၃၄၁.၆** | **၂၀.၅%** |
| | (၁) သာမန် | ၂၂,၁၇၄.၃ | ၂,၇၉၀.၂ | ၂၄,၉၆၄.၅ | ၁၈.၀% |
| | (၂) ငွေလုံးငွေရင်း | ၂၅၄.၄ | ၁၄၅.၂ | ၃၉၉.၆ | ၀.၃% |
| | (၃) ကြွေးမြီ | ၂,၉၃၅.၇ | ၄၁.၈ | ၂,၉၇၇.၅ | ၂.၂% |
| (ခ) | **သုံးငွေများ** | **၃၃,၁၇၅.၁** | **၂,၉၇၇.၂** | **၃၆,၁၅၂.၃** | **၂၆.၂%** |
| | (၁) သာမန် | ၂၄,၈၆၃.၅ | ၁,၀၁၉.၄ | ၂၅,၈၈၂.၉ | ၁၈.၈% |
| | (၂) ငွေလုံးငွေရင်း | ၆,၃၈၅.၃ | ၁,၉၅၂.၂ | ၈,၃၃၇.၅ | ၆.၀% |
| | (၃) ကြွေးမြီ | ၁,၉၂၆.၃ | ၅.၆ | ၁,၉၃၁.၉ | ၁.၄% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (၇,၈၁၀.၇) | | (၇,၈၁၀.၇) | |
| (ဃ) | **ဂျီဒီပီတန်ဖိုး** | ၁၃၈,၁၉၅.၇ | | | |
| (င) | **လိုငွေနှင့်ဂျီဒီပီအချိုး** | **၅.၇%** | | | |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန


## (ဂ) ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ

၁၇။ ကျန်းမာရေးအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေး၊ အားကစားမြှင့်တင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲရေး၊ ပညာရေးအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လုပ်ငန်းခွင်နှင့် ချိတ်ဆက်သည့် အလုပ်အာမခံချက်ရှိရေးနှင့် ပညာသင်ထောက်ပံ့ကြေးများ ခွင့်ပြုပေးခြင်းတို့ ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်၏ ရငွေနှင့် အသုံးစရိတ်အများဆုံးပါဝင်သည့် ဝန်ကြီးဌာန (၁၀) ခုအား အောက်ပါပုံတို့ဖြင့် ဖော်ပြအပ်ပါသည်။

**ပုံ (၃) ၂၀၂၃-၂၀၂၄ ခု ၊ ဘဏ္ဍာရေးနှစ် ၊ ရငွေနှင့်သုံးငွေအများဆုံးဝန်ကြီးဌာနများ၏ ပါဝင်မှုအချိုး**




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**(ဃ) အရေးပေါ်ရန်ပုံငွေခန့်မှန်းချက်**

၁၈။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ယခင်ဘဏ္ဍာရေးနှစ်နည်းတူ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စုတွင် ကျပ် ၁၀၀.၀ ဘီလီယံ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအတွက် ကျပ် ၁၅.၀ ဘီလီယံ ဖြစ်ပါသဖြင့် စုစုပေါင်း ၁၁၅.၀ ဘီလီယံ ထည့်သွင်းလျာထားပါသည်။

**ဇယား (၉) ပြည်ထောင်စု၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များအတွက် အရေးပေါ်ရန်ပုံငွေ**

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ (အမှန်) | ၂၀၂၁-၂၂ (၆)လ (ရှေ့ပြေးအမှန်) | ၂၀၂၂-၂၀၂၃ (ပြုပြင်ပြီး ခန့်မှန်းခြေ) |
|---|---|---|---|---|
| ၁ | အရေးပေါ်ရန်ပုံငွေ | ၁၀.၁ | ၁.၅ | ၁၃.၈ |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

### (င) ပြည်ထောင်စုမှ ထောက်ပံ့ငွေ

၁၉။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်ထောင်စုမှ ထောက်ပံ့ငွေပေးရာတွင် နှစ်လတ်ဘဏ္ဍာရေးမူဘောင်နှင့်ဦးစွာတွက်ချက်ပြီးမှ လူမှုစီးပွားရေးအခြေအနေပြညွှန်းကိန်း (၆) ခု အသုံးပြုတွက်ချက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အချိုးကျမျှတမှုရှိစေရန် ခွဲဝေလျာထားပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက်ထောက်ပံ့ငွေမှာ ကျပ် **၁,၉၈၁.၂** ဘီလီယံ ဖြစ်ပါသည်။

**ဇယား (၁၀) ပြည်ထောင်စုမှတိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက်ထောက်ပံ့ငွေ**

**(ကျပ်ဘီလီယံ)**

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ (အမှန်) | ၂၀၂၁-၂၂ (၆)လ (ရှေ့ပြေးအမှန်) | ၂၀၂၂-၂၀၂၃ (ပြုပြင်ပြီး ခန့်မှန်းခြေ) |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုမှထောက်ပံ့ငွေ | ၂,၃၈၀.၈ | ၁,၀၆၃.၀ | ၂,၀၁၀.၅ |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

### (စ) အခွန်ဝေစု

၂၀။ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသည့် အခွန်ဝေစုနှင့်ပတ်သက်၍ နိုင်ငံပိုင်ကဏ္ဍမှ ကောက်ခံရရှိသည့် အခွန်အရပ်ရပ်အား နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ညွှန်းကိန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍတို့မှ (သွင်းကုန်အပေါ် ကောက်ခံရရှိသည့်ငွေများမပါ) ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅% ၊ အထူးကုန်စည်ခွန်၏ ၁၅% ၊ တစ်ဦးချင်းဝင်ငွေခွန်၏ ၅% ၊ တံဆိပ်ခေါင်းခွန်၏ ၂% တို့ကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကောက်ခံရရှိသည့်အပေါ်မူတည်၍ ခွဲဝေပေးခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေပေးသည့် စုစုပေါင်းအခွန်ဝေစုမှာ ကျပ် **၂၈၄.၃** ဘီလီယံ ဖြစ်ပါသည်။

ဇယား (၁၁) ပြည်ထောင်စုမှတိုင်းဒေသကြီး/ပြည်နယ်များသို့ အခွန်ဝေစုခွဲဝေပေးခြင်း

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ (အမှန်) | ၂၀၂၁-၂၂ (၆)လ (ရှေ့ပြေးအမှန်) | ၂၀၂၂-၂၀၂၃ (ပြုပြင်ပြီးခန့်မှန်းခြေ) |
|---|---|---|---|---|
| ၁ | အခွန်ဝေစု | ၃၂၅.၀ | ၁၃၄.၆ | ၃၆၅.၇ |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**(ဆ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ**

၂၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ကျပ် (၂၅၀) ဘီလီယံ၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေကျပ် (၅၀) ဘီလီယံ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များသို့ ကျပ် (၁၅၂) ဘီလီယံ အပါအဝင် စုစုပေါင်းကျပ် (၄၅၂) ဘီလီယံ ထောက်ပံ့ပေးခဲ့ပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်ရန် ကျပ် (၁၇၀) ဘီလီယံအား ထောက်ပံ့ပေးခဲ့ပါသည်။

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် |
|---|---|---|
| ၁။ | နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ | ၄၅၂.၀ |
| ၂။ | MSME ရန်ပုံငွေ | ၁၇၀.၀ |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**(ဇ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၂။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ စုစုပေါင်းရငွေသည် ကျပ် ၁၂,၁၂၆.၄ ဘီလီယံဖြစ်ပြီး စုစုပေါင်း အသုံးစရိတ်သည် ကျပ် ၁၂,၉၈၄.၉ ဘီလီယံဖြစ်၍ လိုငွေ ကျပ် ၈၅၈.၅ ဘီလီယံ ဖြစ်ပါသည်။

### (စျ) ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်း

၂၃။ ဘတ်ဂျက်လိုငွေဖြည့်ဆည်းရာတွင် အစိုးရငွေတိုက်စာချုပ်ရောင်းချခြင်း၊ အစိုးရငွေတိုက်လက်မှတ်ရောင်းချခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှချေးယူခြင်းစသည့် နည်းလမ်း (၃) နည်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လိုငွေ ကျပ် ၇,၈၁၀.၇ ဘီလီယံ ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားပြီး ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ငွေချေးစာချုပ်ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိနိုင်သည့် ငွေစုစုပေါင်းသည် ကျပ် ၁၀,၀၀၀.၀ ဘီလီယံ (ကျပ်သန်းပေါင်းတစ်ရာသိန်း) ထက်မကျော်လွန်စေရန် သတ်မှတ်ထားပြီး ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ်ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့ အကျုံးဝင်ပါသည်။

### နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ဦးစားပေးအစီအစဉ်များ

၂၄။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်သည် နိုင်ငံတော်မှ ချမှတ်ထားသည့် ရေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက် (၁၂) ရပ်တို့ဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၅။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အရေးကြီးသကဲ့သို့ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များသည် အရေးကြီး၍ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးမြင့်တင်လျက်ရှိပြီး ဘတ်ဂျက်ခွဲဝေချထားပေးသည့် အသုံးစရိတ်များမှာ ထည့်သွင်းလျာထားပေးသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံစီးပွားမြင့်တင်ရေးရန်ပုံငွေ၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစသည့် ရန်ပုံငွေများကို ထူထောင်ပေးပြီး ရင်းနှီးမြှုပ်နှံငွေ လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၆။ ဌာနအဖွဲ့အစည်းများမှ အရအသုံးခန့်မှန်းခြေငွေစာရင်းများလျာထားရာတွင် အမှန်အကောင်အထည်ဖော်နိုင်မှု အပေါ်နီးစပ်အောင် လျာထားခြင်း၊ ဘတ်ဂျက်လိုငွေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်

ရငွေလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသုံးစရိတ်များ လျာထားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုနိုင်မည့် လုပ်ငန်းများနှင့် ပြည်သူ့လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် အသုံးစရိတ်များကို ဦးစားပေးလျာထား သုံးစွဲခြင်း၊ အခြားအသုံးစရိတ်များကို စနစ်တကျစိစိစစ်စစ်သုံးစွဲခြင်းစသည့် အချက်များကို လိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂၇။ နိုင်ငံတော်တွင် အဓိကလိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသုံးစရိတ်များ၊ အားကစား၊ သာသနာရေးနှင့် ယဉ်ကျေးမှုစသည့် အသုံးစရိတ်များကိုလည်း လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိပါသည်။

၂၈။ စီမံကိန်းကြီးများနှင့်ပတ်သက်၍ မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် နိုင်ငံအတွက် အကျိုးရှိစေမည့် စီမံကိန်းကြီးများကိုသာ ဦးစားပေးဆောင်ရွက်ရန်လိုအပ်ခြင်း၊ လတ်တလော ဆောင်ရွက်ရန်မလိုအပ်သေးသည့် စီမံကိန်းများကို လျှော့ချဆောင်ရွက်ခြင်း၊ အရှုံးပေါ်နေသည့် စီမံကိန်းများကို ပြန်လည်စိစစ်သွားရန်လိုအပ်ခြင်း၊ ကျန်းမားရေးနှင့် လုံခြုံရေးအတွက် မဖြစ်မနေ ရင်းနှီးမြှုပ်နှံ ရမည့် စီမံကိန်းများကို နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်။

၂၉။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပွင့်လင်းမြင်သာစွာဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ရေး၊ တင်ဒါစည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ စာရင်းစစ်ဆေးမှုခံယူရေး စသည်တို့ကို အမိန့်ညွှန်ကြားချက်ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

၃၀။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး အဓိကရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးဆုံးရှုံးနိုင်ခြေများ**

၃၁။ အခွန်ရငွေနှင့်ဂျီဒီပီအချိုး တိုးမြှင့်ရန်လိုအပ်ခြင်း၊ နိုင်ငံတော်အစိုးရသည် စီးပွားရေးပြန်လည် ဦးမော့လာစေရန် အသုံးစရိတ်များဆက်လက် မြှင့်တင်သုံးစွဲရ၍ ဘတ်ဂျက်လိုငွေပြမှု ဆက်လက်ဖြစ် ပေါ်ခြင်း၊ နိုင်ငံတော်၏ မက်ခရိုစီးပွားရေး အခြေအနေပြညွှန်းကိန်းများအရ အရအသုံးခန့်မှန်းခြေ

ငွေစာရင်း၏ လိုငွေနှင့်ဂျီဒီပီအချိုးကို ရှိသင့်သည့်ပမာဏအတိုင်းအတာအတွင်း ထိန်းသိမ်းဆောင်ရွက်ရခြင်း၊ နိုင်ငံတော်၏ အခြေခံအဆောက်အဦလိုအပ်ချက်များအတွက် လျာထားခြင်း၊ နိုင်ငံတော်၏ လိုငွေများကြောင့် ရယူထားသည့် ပြည်တွင်းပြည်ပကြွေးမြီများ၏ ဝန်ထုပ်ဝန်ပိုးများ ကာကွယ်ရန် လိုအပ်ခြင်းနှင့် နှစ်စဉ်လိုလိုဖြစ် ပေါ်လျက်ရှိသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသုံးစရိတ်များ သုံးစွဲရခြင်းတို့ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်ငြိမ်ခြင်း၊ ငွေကြေးဖောင်းပွမှု မြင့်မားခြင်း၊ အထွေထွေကုန်စျေးနှုန်း ကြီးမြင့်မှု၊ စီးပွားရေးပိတ်ဆို့မှုနှင့် ပြည်ပအကူအညီရငွေ၊ ပြည်ပ ချေးငွေများ ရပ်ဆိုင်းထားမှုများသည် စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်ပါသည်။

**ဘဏ္ဍာရေးမဟာဗျူဟာ**

၃၂။ ဘဏ္ဍာရေးမဟာဗျူဟာအား ကာလတိုနှင့် ကာလရှည်ခွဲခြားထားပါသည်။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လိုငွေနှင့်ဂျီဒီပီအချိုးအား စီးပွားရေးတည်ငြိမ်စေသည့် အဆင့်တွင် ထားရှိ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ အစိုးရ၏ ဘဏ္ဍာရေးမူဝါဒ၏ အသုံးစရိတ်မူဝါဒတွင် စီးပွားရေး တိုးတက်မှုကို မြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် သုံးစွဲမည်ဖြစ်ပါသည်။

၃၃။ ကာလတိုမဟာဗျူဟာတွင် ကမ္ဘာလုံးဆိုင်ရာ မသေချာမှုများမှ ကာကွယ်ရန်ဖြစ်ပြီး ဘဏ္ဍာရေး လှုံ့ဆော်မှု (fiscal stimulus) ထားရှိရန်၊ ရငွေတိုးတက်ရရှိစေရန် ပြုပြင်ပြောင်းလဲမှုများသည် အခြေခံ အဆောက်အဦနှင့် လူမှုဖူလုံရေးအစီအစဉ်များအတွက် fiscal space ဖန်တီးပေးရန် ဖြစ်ပါသည်။ ကာလရှည်မဟာဗျူဟာတွင် အစိုးရသည် စီးပွားရေးတိုးတက်မှုမှ ရငွေတိုးတက်ရှာဖွေရန်၊ အသုံးစရိတ် အရည်အသွေး တိုးတက်ရန်နှင့် လိုငွေဖြည့်ဆည်းမှုတည်ငြိမ်စေရန်တို့ ဖြစ်ပါသည်။

**နိဂုံး**

၃၄။ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေဆိုသည်မှာ ပြည်သူ့ဘဏ္ဍာများသာဖြစ်ပါသည်။ အစိုးရက ပြည်သူ့ ကိုယ်စားကိုင်တွယ်၍ စီမံဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။ အစိုးရမှ ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲရာ တွင် ပြည်သူများ အမှန်တကယ်အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်

အစိုးရများမှ ရငွေတိုးမြှင့်ရရှိရေးနှင့် ထိရောက်အကျိုးရှိသော အသုံးစရိတ်ဖြစ်စေရေးတို့ဖြင့် ပိုမိုကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။